



## မာတိကာ


- နိဒါန်း ၁၁
၁။ ကလေးဘဝ ၁၅
၂။ ကျောင်းသား လူငယ်ဘဝ ၂၂
၃။ ရန်ကုန်တက္ကသိုလ်၌ ၂၆
၄။ သမဂ္ဂ၌ ၃၁
၅။ သခင်အောင်ဆန်း ၃၉
၆။ လက်ဝဲအင်အားစု ၅၀
၇။ ရဲဘော်သုံးကျိပ်ရှေ့ပြေး ၅၆
၈။ ဗိုလ်တေဇနှင့် ဘီ၊ အိုင်၊ အေ ၆၁
၉။ ဘီ၊ ဒီ၊ အေ သေနာပတိ ၆၇
၁၀။ လွတ်လပ်ရေးနှင့် ချစ်ကြည်ရေး ၇၃
၁၁။ ဂျပန်တော်လှန်ရေး ရှေ့ပြေး ၇၉
၁၂။ ဂျပန်တော်လှန်ရေး ဆင်နွှဲပုံ ၈၅
၁၃။ ဖ၊ ဆ၊ ပ၊ လ ရှေ့ပြေး ၉၁
၁၄။ မိန့်ခွန်းနှစ်ခု ၉၆
၁၅။ ဖ၊ ဆ၊ ပ၊ လ နှင့် ဘုရင်ခံ ၁၁၆
၁၆။ ဖ၊ ဆ၊ ပ၊ လ နှင့် လူထု ၁၂၂
၁၇။ ဗိုလ်ချုပ်အစိုးရနှင့် စည်းရုံးရေး ၁၃၂
၁၈။ အောင်ဆန်းနှင့် အက်တလီ ၁၄၀
၁၉။ ပင်လုံ စည်းရုံးရေး ၁၄၆
၂၀။ လယ်သမား၊ အလုပ်သမားနှင့် တိုင်းပြည်ပြုလွှတ်တော် ၁၅၀
၂၁။ လွတ်လပ်ရေးသို့ ၁၆၂
- ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီး ၁၇၃


### နောက်ဆက်တွဲများ


က။ တို့ဗမာသီချင်း ၁၇၇
ခ။ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်လှဘော်၏မိန့်ခွန်း ၁၇၉
ဂ။ စစ်ချီသီချင်းများ ၁၉၃
ဃ။ ဗိုလ်အောင်ဆန်း ၁၉၇
င။ ဖ၊ ဆ၊ ပ၊ လ ညီလာခံသဘင် မိန့်ခွန်း ၁၉၉
စ။ နိုင်ငံရေးသမားတွေ နိုင်ငံရေးသမားတွေ ၂၃၈
ဆ။ အောင်ဆန်း–အက်တလီစာချုပ် ၂၄၂
ဇ။ တောင်သူလယ်သမား ညီလာခံမိန့်ခွန်း ၂၅၀
ဈ။ နိုင်ငံရေး ရှင်းလင်းပွဲမိန့်ခွန်း ၂၅၃
ည။ ရွေးကောက်ပွဲ သတိပေးချက် ၂၅၇
ဋ။ နှစ်သစ်ကူးမိန့်ခွန်း ၂၆၄
ဌ။ ပြင်ဆင်မှု ညီလာခံမိန့်ခွန်း ၂၇၁
ဍ။ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြဋ္ဌာန်းချက် ၂၉၆
ဎ။ နောက်ဆုံးမိန့်ခွန်း ၃၂၁


## နိဒါန်း

ကျွန်တော်၏ မိတ်ဆွေများက ကျွန်တော့်အား ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရေးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြပါသည်။ သို့သော်လည်း ကျွန်တော် မရေးခဲ့ပါ။

မရေးခဲ့ခြင်းမှာ ကျွန်တော့်မှာ သွေးသား ဖြစ်နေသည့်အတိုင်း 'ကိုယ့်ငါးချဉ် ကိုယ်ချဉ်' ရာ ရောက်နေမည် စိုးသည်က တစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုး၏ အတ္ထုပ္ပတ္တိကို အစိုးရက ကြပ်မတ်ရေးသား ထုတ်ဝေသင့်သည်ဟု ယူဆသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ဗိုလ်ချုပ်တို့ ကျဆုံးပြီးစက သခင်နု၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်းတို့ ခေါင်းဆောင်နေသော ဖ၊ ဆ၊ ပ၊ လ အစိုးရသည် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ရေးရန်အတွက် ကျွန်တော်ပါ ပါဝင်သော 'အတ္ထုပ္ပတ္တိ ကော်မတီတစ်ခု' ဖွဲ့စည်းလိုက်သည်ဟု သတင်းစာများတွင် ဖတ်ရှလိုက်ရပါသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်များသာ သိမည်ဖြစ်သော အကြောင်းများကြောင့် ထိုအတ္ထုပ္ပတ္တိကော်မတီသည် အစည်းအဝေးလည်း တစ်ခါမျှ မထိုင်ခဲ့။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိလည်း ယနေ့တိုင် ထွက်ပေါ်မလာခဲ့ပေ။

အချို့ပုဂ္ဂိုလ်များ ရေးသားထုတ်ဝေသော အတ္ထုပ္ပတ္တိများ အနည်းငယ် ရှိပါသည်။ သို့သော်လည်း ထိုအတ္ထုပ္ပတ္တိများမှာ ပြည့်စုံသည်ဟု ကျွန်တော် မထင်ပါ။ ကျွန်တော့်သဘောအရ လွတ်လပ်ရေး ဗိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလို နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိကို ရေးလျှင် ထိုပုဂ္ဂိုလ်များ၏ နိုင်ငံ



ရေး အရောင်အဆင်းနှင့် နိုင်ငံရေး ကြိုးပမ်းချက်များ ပေါ်လွင်အောင် ရေးသင့်သည်ဟု ယူဆပါသည်။

သို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို ရေးလိုစိတ် ပေါ်လာခဲ့ပါသည်။ ထိုအတောအတွင်း ကျွန်တော် ရေးသား ထုတ်ဝေသော '၁၆ နှစ် နိုင်ငံရေး အတွေ့အကြုံများ' စာအုပ်တွင် ဗိုလ်ချုပ်၏ ဂုဏ်ပုဒ်များကို အနည်းငယ် ဖော်ပြထားချက်နှင့် ပတ်သက်၍ အချို့က 'သူ့ညီပဲ အကောင်းရေးတယ်' ဟု တီးတိုး ဝေဖန်ကြသည်ကို ကြားရသဖြင့် ရေးလိုစိတ် ပို၍ ပေါ်လာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား ချီးကျူးထိုက် မထိုက် ကျွန်တော့်သဘောထားကို မဖော်ပြမီ၊ အင်္ဂလိပ်လူမျိုး ရာဇဝင်ပါမောက္ခ 'တင်ကာ' (Hugh Tinker) ၏ 'ပြည်ထောင်စု မြန်မာနိုင်ငံ' (The Union of Burma) စာအုပ် စာမျက်နှာ ၂၈ မှ ဗိုလ်ချုပ် အောင်ဆန်းနှင့် ပတ်သက်၍ ရေးသားချက်ကို အနီးကပ်ဆုံး မြန်မာဘာသာပြန်၍ ဖော်ပြလိုက်ပါသည်။

"အောင်ဆန်းသည် တက္ကသိုလ်မှ ထွက်ကာစ နိုင်ငံရေး အရည်မလည်သေးသည့် ဘဝမှာပင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် မိမိ စိတ်တိုင်းကျ တောင်းဆိုနိုင်ခြင်းကား သူ၏ အောင်မြင်မှု တစ်ရပ်ပင် ဖြစ်၏။ အောင်ဆန်းသည် ဗြိတိသျှအစိုးရတစ်ဖွဲ့လုံးအပြင် အင်အားကြီးမားလှသော လက်နက်ကိုင်တပ်ပေါင်းစု သေနာပတိချုပ် မောင့်ဘက်တန်နှင့်တကွ နိုင်ငံရေးရာတွင် ဝါရင့်ပြီး ပါးနပ်လှသည့် အရာရှိများ ပါဝင်သော ဗြိတိသျှ ဩဇာခံ မြန်မာနိုင်ငံ အစိုးရတစ်ဖွဲ့လုံးကိုပင် သူတစ်ဦးတည်း၏စွမ်းရည်ဖြင့် အနိုင်ရယူခဲ့ပေသည်။ အဘက်ဘက်မှ ဆင်ခြင်သုံးသပ်ပါမူ နိုင်ငံရေးအာဏာနှင့် တာဝန် လက်ကိုင်ထားရှိသော အင်္ဂလိပ်အမျိုးသားများသည် မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးရာ၌ မိမိတို့ ခြေရာလက်ရာပါစေရန် အစွမ်းကုန် ကြိုးစည်အားထုတ်ခဲ့ကြ၏။ သို့သော် နောက်ဆုံး၌ သူတို့အားလုံးမှာ အောင်ဆန်း၏ အရှိန်အဝါအောက်၌ ပြားပြားဝပ်ခဲ့ကြရရုံသာမက မြန်မာနိုင်ငံမှ ဗြိတိသျှတို့ အပြီးအပြတ် ထွက်ခွာသွားကြရအောင် ဖန်တီးပေးခဲ့သော အရေးအခင်းဟူသမျှတွင် အောင်ဆန်းသည်ပင်လျှင် ခိုင်မြဲစွာ ကြိုးကိုင်ခဲ့ပေသည်။ အောင်ဆန်းကို 'လက်ညှိုးညွှန်ရာ ရေဖြစ်စေတဲ့ အောင်ဆန်း' ဟူ၍ မြန်မာတို့ ပြောစမှတ်ပြုကြသည်။ ထိုအဆိုမှာ သူ အောင်ပွဲခံရချိန်၌ ပို၍ မှန်ကန်သည်ဟု ဆိုရချေမည်။ အကြောင်းမူကား လူမသမားများ လက်ချက်ဖြင့် ကျဆုံးရသည့်တိုင်အောင် အောင်ဆန်းသည် နိုင်ငံ့အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးအဖြစ် သမိုင်းဝင် မော်ကွန်းတင်ခြင်း ခံခဲ့ရပေသည်။ အောင်ဆန်းကား



နိုင်ငံနှင့် အမျိုးအတွက် လွတ်လပ်ရေး အသရေကို အရဆောင်ကြဉ်းပေးခဲ့သည်။ နှောင်းကာလဝယ် ပေါ်ပေါက်လာသော ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်များကား အောင်ဆန်းနှင့် မည်သို့မျှ မသက်ဆိုင်ချေ"

ဤစာအုပ်ကို ဖတ်လျှင် ကျွန်တော်သည် အစ်ကိုအနေထက် ရာဇဝင်သုတေသီတစ်ဦးအနေဖြင့် ရေးသည်ကို တွေ့ရပါလိမ့်မည်။ ရာဇဝင်သုတေသီတို့ မည်သည် ဆန္ဒဂတိ–ဒေါသဂတိ မလိုက်ဘဲ မိမိတို့ သုတေသနပြုချက်အရ တွေ့ရှိသည့်အချက်များကို မိမိတို့ ယုံကြည်သည့်အတိုင်း တင်ပြသူများ ဖြစ်ပါသည်။

နိဂုံးချုပ်အနေအားဖြင့် စာအုပ်ရေးရာတွင် အဘက်ဘက်မှ ကူညီခဲ့ကြသော မိတ်ဆွေများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ အထူးသဖြင့် ကျွန်တော့်အား မြန်မာစာ သင်ပေးခဲ့သော ဆရာတစ်ယောက် ဖြစ်ရုံမက ဤစာအုပ်ကို တည်းဖြတ်ပေးသည့် ရန်ကုန်တက္ကသိုလ် ပီဋကတ်တိုက်မှူး ဦးသိန်းဟန် (ဇော်ဂျီ) ကို လည်းကောင်း၊ လိုအပ်သော စာအုပ်များကို ကူညီရှာဖွေပေးခဲ့ကြသည့် တပ်မတော် မော်ကွန်းတိုက်မှ အရာရှိကြီးငယ်များနှင့် အခြားမိတ်ဆွေများကို လည်းကောင်း၊ စာမူကြမ်းကို လက်နှိပ်စက်ဖြင့် ကူးပေးသည့် ရဲဘော်များကို လည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ရပါသတည်း။

အောင်သန်း
(၁–၄–၆၄)